# ငါးလုပ်ငန်းဦးစီးဌာန၏ အသိပေးကြေညာချက်

ငါးလုပ်ငန်းဦးစီးဌာနသည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် (Trade Facilitation Agreement) လုပ်ငန်းစဉ်ပါအတိုင်း စာရွက်စာတမ်းအသုံးပြုမှု လျှော့ချပြီး အီလက်ထရောနစ်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရန် ဟူသော ရည်မှန်းချက်နှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများတွင် လိုအပ်သော အချက်အလက်များကို အီလက်ထရောနစ်ဖြင့် ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ အကောက်ခွန်ဦးစီးဌာန၏ MACCS စနစ်ကို အသုံးပြု၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၁၅-၁-၂၀၂၅ ရက်နေ့မှစ၍ အကောက်ခွန်ဦးစီးဌာနတွင် MACCS User Code နှင့် E-Token များအား အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ User Registration Section သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ Email ဖြင့် (maccs.usercode@gmail.com) လည်းကောင်း၊ အောက်ဖော်ပြပါ စာရွက်စာတမ်းများဖြင့် ပူးတွဲလျှောက်ထားရန် လိုအပ်ပါသည် -

(က) Company Letter Head ကတိခန့်ဝံချက်လျှောက်လွှာ **UR-4 Form** (www.maccs.gov.mm → MACCS Registration → Form Download) တွင် Download လုပ်ပါ။

(ခ) လျှောက်ထားသူ၏မှတ်ပုံတင် **(မူရင်း)**

(ဂ) IE Code **(မူရင်း)**

(ဃ) Application Form **(UR-1)**

(င) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် **မူရင်း (Colour ဖြင့်) + Company Extract** ပါတွဲရန်

(စ) ပို့ကုန် / သွင်းကုန် လုပ်ငန်းရှင်လက်မှတ် **မူရင်း (Colour ဖြင့်)**

(UR Form များအား www.maccs.gov.mm website တွင် ဝင်ရောက်၍ Download ပြုလုပ်နိုင်ပါသည်။)

ပြည်တွင်းစာသုံးရန် တင်သွင်းမည့် လုပ်ငန်းရှင်များအနေဖြင့် ပြည်ပမှရေထွက်ပစ္စည်းများ တင်သွင်းခြင်းမပြုမီ အောက်ဖော်ပြပါစာရွက်စာတမ်းများ၊ အထောက်အထားများအား Myanmar Automated Cargo Clearance System (MACCS) စနစ်တွင် ပူးတွဲလျှောက်ထားရမည် ဖြစ်ပါသည်-

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(ခ) ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းမှတ်ပုံတင်

(ဂ) အရောင်းအဝယ်စာချုပ်မူရင်း (Origin Sale Contract)

(ဃ) ကုန်ထုပ်ပိုးမှုမူရင်း (Invoice / Packing list)

(င) ပင်ရင်းဒေသသက်သေခံလက်မှတ် (Certificate of Origin)

(စ) Health / Sanitary Certificate (မိတ္တူ)

(ဆ) မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ထောက်ခံချက် (မူရင်း)

သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ အီလက်ထရောနစ်စနစ် အသုံးပြုဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် အသိပေးကြေညာအပ်ပါသည်။